# ၁၉၆၂ ခုနှစ်၊ အာဇာနည်ဗိမာန် အက်ဥပဒေရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ အာဇာနည်ဗိမာန် အက်ဥပဒေ ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။(က) ၁၉၄၉ ခုနှစ်၊ အာဇာနည်ဗိမာန်အက်ဥပဒေကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(၁) မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

(၂) အာဇာနည်ဗိမာန်ထိန်းသိမ်းရေးအဖွဲ့ပိုင်ပစ္စည်းအားလုံးသည်၎င်း၊ ထိုအဖွဲ့၏ ကြွေးမြီတာဝန် အားလုံးသည်၎င်း၊ အစိုးရဌာတည်၌ သက်ရောက်ရမည်။